# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ

## (နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၇ / ၂၀၂၄)

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်

( ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ထ)ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ထ) အသင်းဆိုသည်မှာ မြန်မာနိုင်ငံစာရင်းကောင်စီ၏ လုပ်ငန်းတာဝန်များ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဤဥပဒေအရ တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးထားသော စာရင်းပညာဆိုင်ရာ အမျိုးသားအဆင့်အဖွဲ့အစည်း အဖြစ် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း သို့မဟုတ် ယင်းအသင်းကိုဆက်ခံသည့် အဖွဲ့အစည်းကိုဆိုသည်။"

၃။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံစာရင်းကောင်စီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုစာရင်းစစ်ချုပ် | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယစာရင်းစစ်ချုပ် | ဒုတိယဥက္ကဋ္ဌ(၁) |
| (ဂ) | အသင်းဥက္ကဋ္ဌ | ဒုတိယဥက္ကဋ္ဌ(၂) |
| (ဃ) | တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ချုပ်များ | အဖွဲ့ဝင် |

| | | |
|---|---|---|
| (င) | ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်၊<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်၊<br>ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်၊<br>စစ်ဆေးရေးဦးစီးဌာန၊<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဈ) | စီးပွားရေးတက္ကသိုလ်များမှ ၃ ဦးထက်မပိုသော<br>ပါမောက္ခချုပ်များ | အဖွဲ့ဝင် |
| (ည) | အသင်းမှ ကိုယ်စားလှယ် ၉ ဦး | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဥက္ကဋ္ဌ၊<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (ဌ) | ၅ ဦး ထက်မပိုသော သင့်လျော်သည့် နိုင်ငံသား<br>စာရင်းပညာရှင်များ | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်(အမြဲတမ်းအတွင်းဝန်)၊<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အတွင်းရေးမှူး |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်၊<br>နည်းပညာဖွံ့ဖြိုးရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | တွဲဖက်အတွင်းရေးမှူး(၁) |
| (ဏ) | အသင်းအတွင်းရေးမှူး | တွဲဖက်အတွင်းရေးမှူး(၂)” |

၄။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၁၂ တွင် -

(က) ပုဒ်မခွဲ (ဆ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဆ) ကောင်စီတွဲဖက်အတွင်းရေးမှူး(၁) တွဲဖက်အတွင်းရေးမှူး(၁)"

(ခ) ပုဒ်မခွဲ (ဆ)၏နောက်၌ ပုဒ်မခွဲ(ဇ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဇ) ကောင်စီတွဲဖက်အတွင်းရေးမှူး(၂) တွဲဖက်အတွင်းရေးမှူး(၂)"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ